1/50
P

ပ၊ လ { သန့်ရှင်း } အဖွဲ့

စည်းရုံးရေး

ဆုံးဖြတ် လုပ်ငန်းစဉ်။

ဖ၊ဆ၊ပ၊လ (သန့်ရှင်း) အဖွဲ့

စည်းရုံးရေး
ကြားဖြတ်လုပ်ငန်းစဉ်

ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ်တွင် အုပ်စုနှစ်စုကွဲပြီးနောက်၊ နယ်အသီးသီးတွင်လည်း အုပ်စု ကွဲခဲ့လေသည်။ ဖ၊ဆ၊ပ၊လ အဖွဲ့ချုပ် အုပ်စုကွဲပြဿနာကို အပြီးသတ်ရှင်းလင်းခြင်းမပြုနိုင်မီစပ်ကြားတွင် ဖ၊ဆ၊ပ၊လ အမည်ကို အုပ်စုတခုတည်းက မူပိုင်သုံးစွဲစည်းရုံးခြင်း မပြုသင့်သည့်အပြင်၊ ဂိုဏ်းခွဲစည်းရုံးခြင်းသဘောကိုလည်း မပြုသင့်ပေ။ သို့ရာတွင် တဘက်သောအုပ်စုသည် ဤသဘောများကို မစောင့်ထိန်းတော့ဘဲ တာဝန်ခံများစေလွှတ်ခါ နယ်အသီးသီး၌ စည်းရုံးနေကြပြီးဖြစ်သဖြင့် ကျွန်ုပ်တို့ဘက်မှ လစ်လျူရှုထားရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ ဂိုဏ်းခွဲသောသဘော သက်ရောက်သည့်နည်းများကို မပြုလုပ်ဘဲ၊ ကျွန်ုပ်တို့အား ထောက်ခံသော အင်အားစုများကို စုစည်းထိန်းသိမ်းရန် လိုအပ်ပေသည်။ သို့လိုအပ်သည့်အတိုင်း စုပေါင်း ထိန်းသိမ်းရေး အစီအစဉ်တရပ်ကို ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထိုသို့အစီအစဉ်တရပ် ချမှတ်ဆောင်ရွက်သွားသည့် အခါတွင် ကျွန်ုပ်တို့ အကြိမ်ကြိမ်ကြွေးကြော်ခဲ့သော အဖွဲ့

တွင်း သန့်ရှင်းရေး၊ တနည်းအားဖြင့် လူထုအား ဒီမိုကရေစီ မဆန်သော အပြုအမူတို့ဖြင့် အနိုင်ကျင့်ခဲ့သော အကျင့်စာရိတ္တပျက်ပြားလျက်ရှိသောသူများ မပါဝင်ရေးကိုပါ တပါတည်းဆောင်ရွက်သွားရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် စုစည်း ထိန်းသိမ်းရေး အပိုင်း၌ ဒုတိယ အကြိမ်မြောက် ပြည်လုံးကျွတ် ညီလာခံကြီးတွင် ဆုံးဖြတ်အတည်ပြုခဲ့သော ဒီမိုကရေစီ စည်းရုံးရေးကို လုပ်ငန်းစဉ်အတိုင်း စံနစ်တကျ အကောင်အထည်ဖေါ်သွားရန်ဖြစ်ပေသည်။

အထက်ပါအကြောင်းအရာများကို အခြေပြု၍ သန့်ရှင်း ဖ၊ဆ၊ပ၊လအဖွဲ့ ထိန်းသိမ်းရေးကော်မီတီများ ဖြစ်ပေါ်လာရေးအတွက် အောက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ရန် သတ်မှတ်လိုက်သည်။

၁။ (၁) ခရိုင်တိုင်းတွင် ဖ၊ဆ၊ပ၊လ (သန့်ရှင်း) အဖွဲ့ ထိန်းသိမ်းရေး ကော်မီတီ ဖြစ်မြောက်ရေး အဖွဲ့များ ဖွဲ့စည်းရမည်။

(၂) ထိုအဖွဲ့တွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေသင့်သည်။

(က) အဖွဲ့အစည်းများမှ သင့်လျော်သူများ။

(ခ) တဦးချင်းများထဲမှ သင့်လျော်သူများ။

(ဂ) မူလက ဖ၊ဆ၊ပ၊လ အဖွဲ့ဝင် မဟုတ်သော်လည်း ယခုလိုလား၍ ကျယ်ပြန့်စွာ တာဝန်ယူနိုင်မည့် ပုဂ္ဂိုလ်များ။

(၃) အထက်ပါအဖွဲ့တွင် ပါဝင်သည့် ပုဂ္ဂိုလ်များမှာ နိုင်ငံရေးနာမည်ပျက်မရှိ၍ ဒီမိုကရေစီကိုယုံကြည်လက်ခံသူများဖြစ်ရမည်။

(၄) ၎င်းအဖွဲ့အား ဖွဲ့စည်းပြီးနောက် အဖွဲ့ချုပ်၏ အသိအမှတ်ပြုခြင်းကိုရယူရမည်။

(၅) ၎င်းအဖွဲ့သည်အုပ်စုကွဲနေသောလူထုအဖွဲ့အစည်းများကို စံနစ်တကျ ဒီမိုကရေစီနည်းဖြင့် စုစည်းထိန်းသိမ်း၍ မြို့နယ်အဖွဲ့၊ ခရိုင်အဖွဲ့များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ရမည်။ ထို့အတူ လူထုအဖွဲ့အစည်းများကို အခြေခံ၍ မြို့နယ် ဖ၊ဆ၊ပ၊လ (သန့်ရှင်း) အဖွဲ့ ထိန်းသိမ်းရေး ကော်မီတီ နှင့် ခရိုင် ဖ၊ဆ၊ပ၊လ(သန့်ရှင်း)အဖွဲ့ ထိန်းသိမ်းရေး ကော်မီတီများ ပေါ်ပေါက်လာရန် ဆောင်ရွက်ရမည်။

ခရိုင် ဖ၊ဆ၊ပ၊လ(သန့်ရှင်း) အဖွဲ့ ထိန်းသိမ်းရေးကော်မီတီဖြစ်ပေါ်ပြီးသည်နှင့်တပြိုင်နက် ဤဖြစ်မြောက်ရေးအဖွဲ့မှာ အသိအလျောက် ဖျက်သိမ်းပြီးဖြစ်သည်။

၂၊ (၁) ဖ၊ဆ၊ပ၊လ အလံတော်အောက်ရှိ အုပ်စု ကွဲနေသော လူထု အဖွဲ့အစည်းများ (အလုပ်သမား) ဗ၊တ၊လ၊စ။စ၊ပ၊က၊သ၊အမျိုးသမီး၊လူငယ်တို့ကို စံနစ်တကျ ပြန်လည်စုစည်းရမည်။

မှတ်ချက်။ ။အလုပ်သမားနှင့် အမျိုးသမီးမှအပ၊ ကျန် အဖွဲ့များအတွက် ကွဲနေသော အဖွဲ့အစည်းများမှ နု ဝင် ထောက်ခံသော အင်အားစုများကို စံနစ် တကျ စုစည်းရန်သာ ဖြစ်၍ အဖွဲ့ ဝင် သစ်များ ကောက်ခံစုဆောင်းစည်းရုံးရန်မဟုတ်။

(၂) ထိုသို့စုစည်းရာတွင် ဗ၊ တ၊ လ၊ စ။ စ၊ ပ၊ က၊ သနှင့် လူငယ်တို့အား ဌာနချုပ်များ အနေဖြင့် နု-တင် ဘက်တွင်ရှိပြီးဖြစ်၍၊ မူလအမည်များအတိုင်း အဖွဲ့အစည်းကို စုစည်း သိမ်းသွင်း နိုင်သော်လည်း အလုပ်သမားနှင့် အမျိုးသမီးအတွက်မှာမူ၊ အဖွဲ့ချုပ်မှ သို့မဟုတ် ဆိုင်ရာ ဌာနချုပ်များမှ ရေးဆွဲသည့်စည်းမျဉ်းအသစ်–အမည်အသစ်ဖြင့်(ပြည်ထောင်စု အလုပ်သမားနှင့် ပြည်ထောင်စု အမျိုးသမီး)အဖွဲ့ဝင်များကောက်ခံစည်းရုံးရမည်။

(၃) မြို့နယ်အဖွဲ့ဘခုကို ဖွဲ့စည်းသည့်အခါတွင် ၎င်း မြို့နယ်အဖွဲ့မှ နု-တင်ထောက်ခံသူများကို အခြေခံ၍၎င်း၊ အကယ်၍ မြို့နယ်အဖွဲ့မှ နု–တင်ထောက်ခံသူများ မကျန်ခဲ့လျှင် အဖွဲ့ငယ်တဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) အခြေခံ အဖွဲ့အစည်းများ၏ ထောက်ခံမှုကို ရအောင် အခြေခံအဖွဲ့များသို့ ဆင်း၍၊ ရှင်းလင်း

ဟောပြောပွဲများ ပြုလုပ်ခါ သိမ်းသွင်း ရမည်။ (ထောက်ခံမှုရပြီး နေရာများတွင် လုပ်ရန်မသုံ)။

(ခ) ထောက်ခံမှုရသော အခြေခံများမှ– အဖွဲ့ဝင်အင်အား၊ အလုပ်အမှုဆောင် စာရင်း– မြို့နယ်ဦးစီးစသည့်စာရင်းများကို စံနစ်တကျတောင်းခံ စုဆောင်းထားရမည်။

(ဂ) မြို့နယ် တခု အတွင်း အခြေခံ အများစု၏ ထောက်ခံမှုကို ရရှိသောအခါ ထိုအခြေခံများမှ သဘောတူညီသော။ သို့မဟုတ်၊ ထိုအခြေခံများမှစေလွှတ်သော ကိုယ်စားလည်များ ပါဝင်သည့် မြို့နယ်အဖွဲ့ကို ဖွဲ့စည်းရမည်။

(၄) မြို့နယ်လူထုအဖွဲ့အစည်းများကို စံနစ်တကျ ပြန်လည်စုစည်းသိမ်းသွင်းပြီးသည့်အခါ ၎င်းမြို့နယ်အဖွဲ့များကိုအခြေခံ၍ မြို့နယ် ဖ ဆ ပ လ (သန့်ရှင်း)အဖွဲ့ ထိန်းသိမ်းရေး ကော်မီတီကို ဖွဲ့စည်းရမည်။

(၅) မြို့နယ်လူထုအဖွဲ့အစည်းများကို ပြန်လည် စုစည်းထိန်းသိမ်းပြီးသည့်အခါ ခရိုင်အဖွဲ့ အစည်းများတွင် နု–တင်ထောက်ခံသူများနှင့် မြို့နယ်အဖွဲ့များမှ သဘောတူသူများ၊သို့မဟုတ်၊ စေလွှတ်သော ကိုယ်စားလည်များကို ပူးပေါင်း၍ ခရိုင်အဖွဲ့များ

ဖွဲ့ရမည်။ ထို့အတူမြို့နယ် ဖ ဆ ပ လ (သန့်ရှင်း) အဖွဲ့များ ဖွဲ့စည်းပြီးသောအခါ ခရိုင် ဖ ဆ ပ လ အဖွဲ့မှ နု-တင် ထောက်ခံသူများနှင့် မြို့နယ်မှနှစ်သက်သဘောတူသူများ ပူးပေါင်း၍ ခရိုင် ဖ ဆ ပ လ(သန့်ရှင်း)အဖွဲ့ ထိန်းသိမ်းရေး ကော်မတီကို ဖွဲ့စည်းရမည်။

လုပ်ငန်းတာဝန်

၃။ (၁) ဖွဲ့စည်းပြီး မြို့နယ်ခရိုင်အဖွဲ့အစည်း အသီးသီးတို့သည် မိမိတို့၏အဖွဲ့ဝင်အင်အား အခြေခံ မြို့နယ်စသည့် တာဝန်ခံအဖွဲ့ဝင်များ၏စာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေး ရာဇဝင်တို့ကို စံနစ်တကျ စုဆောင်းထားရမည်။

(၂) ပြန်လည်စုစည်းပြီးသော မြို့နယ်၊ ခရိုင်အဖွဲ့အစည်း အသီးသီးတို့သည် အဖွဲ့ အလိုက် ခါတိုင်း လုပ်ဆောင်နေကျ အဖွဲ့ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားကြရမည်။ မြို့နယ်၊ ခရိုင်ဖ၊ဆ၊ပ၊လ၊ (သန့်ရှင်း) အဖွဲ့ ထိန်းသိမ်းရေး ကော်မီတီများသည်လည်း အခါတိုင်းကဲ့သို့ပင် ဖ၊ဆ၊ပ၊လ အဖွဲ့၏ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရမည်။

(၃) အပိုးရနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းများကို ဆောင်ရွက်ရသည့်ကော်မီတီ ဘုတ်အဖွဲ့အသီးသီး

တို့တွင် ကိုယ်စားလည်များ ပြောင်းလဲထည့်သွင်းရန်လိုအပ်ပါက မိမိတို့အဖွဲ့အင်အား အခြေအနေတို့ကို ပေါ်ပြ၍၊ ဆိုင်ရာအာဏာရှိများထံသို့ စံနစ်တကျ မေတ္တာရပ်ခံရမည်။ မေတ္တာရပ်ခံချက် မိတ္တူများကို ဆင့်ကဲဆင့်ကဲ အဖွဲ့များသို့ပေးပို့ရမည်။ ထိုသို့စံနစ်တကျမေတ္တာရပ်ခံ၍ မရသည့်အခါတွင် အဖွဲ့ချုပ်သို့အကြောင်းကြားရမည်။

(၄) မြို့နယ်ခရိုင်များစံနစ်တကျဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် ထိုအဖွဲ့၏ အခြေအနေ အရပ်ရပ်ကို အဖွဲ့ချုပ်မှ သိထားရန်အတွက် တနယ်လုံး၏ အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ တာဝန်ခံ အဖွဲ့ဝင်များ၏အခြေအနေလုပ်အားတို့ ပါဝင်သောအထွေထွေ အစီရင်ခံစာတစောင်ကို အဖွဲ့ချုပ်သို့ ပေးပို့ရမည်။ မြို့နယ်ဖြစ်လျှင်မိတ္တူတစောင်ကို ခရိုင်သို့ ပေးပို့ရမည်။

(၅) မြို့နယ်တိုင်းမှ တလတကြိမ်ထက်မနည်းအခြေအနေအရပ်ရပ်ပါဝင်သည့် အစီရင်ခံစာ တစောင်ကို ခရိုင်မှတဆင့် အဖွဲ့ချုပ်သို့ ပေးပို့ရမည်။ လူထုလူတန်းစား အဖွဲ့အစည်းများကမူ မိမိတို့ဆိုင်ရာ ဌာနချုပ်များသို့ ပေးပို့ရမည်။ ထိုသို့ပေးပို့သော မြို့နယ်၏ အစီရင်ခံစာများပေါ်တွင် ခရိုင်မှ လိုအပ်သော မှတ်ချက်များကို ရေးရမည်။

မှတ်ချက်။ ။အုပ်စုကွဲ ပြဿနာ မပေါ်ပေါက်ဘဲ- ခရိုင်-မြို့နယ်တို့၌ ဖဆပလ သည့်ရှင်း၊ ဗ၊တ၊လ၊စသည့်ရှင်း၊ စ၊ပ၊က၊သ သည့်ရှင်း၊ နု-တင် အုပ်စုကို ထောက်ခံပြီး ဖြစ်နေလျှင်၊ ထိုအဖွဲ့ အစည်းများအား ပြုပြင်စည်းရုံးရန်မလိုဘဲ၊ ခါတိုင်း လုပ်နေကျအတိုင်းဆက်လုပ်သွားရန်ဖြစ်သည်။

ဗ၊လ၊မ၊စများနှင့် အလုပ်သမား တို့သည် ပြည်ထောင်စုအမျိုးသမီး- ပြည်ထောင်စု အလုပ်သမားဟူသော အမည်ဖြင့်(သန့်ရှင်း)ဖဆပလနှင့် ဆက်သွယ်လုပ်ဆောင်ကြရန်ဖြစ်သည်။

မတင်နွဲ

ဗဟာလစာပုံနှိပ်တိုက်
အမှတ် ၄၊ ဝက်ဘာဂလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့
{၇-၇-၅၈} ၁၁၈၀-၁၀၀၀၀

မတင်ဝိ